မှန်ချပ်
The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်၊ ကြာသပတေးနေ့၊ (23-8-2007) (၅၄၁၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ

ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြား

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က ဆက်လက်ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၈-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူများစာဖတ်ရှိန်မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အလေးထားသည်။ အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်း မရွေး ပညာသင်ယူနိုင်သည့် အခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်ပေးနေသည်။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများလည်း ပါဝင်သည်။ ပြည်နယ်၊ တိုင်းအသီးသီးနှင့် နယ်စပ်ဒေသများပါမကျန် သက်ကြီးစာတတ်မြောက်ရေး "အ"သုံးလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေသဖြင့် နိုင်ငံသားတိုင်း အသက်အရွယ်မရွေး သင်ယူနိုင်ကြပြီဖြစ်သည်။

ကျေးလက်ဒေသများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ်ပေးထားရာ စာတတ်မြောက်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိစေရေးနှင့် ကျေးလက်ပြည်သူများ စာပေဗဟုသုတ တိုးပွားရေးတို့အတွက် အထောက်အကူပြုနေသည်။ စာပေလေ့လာသင်ယူမှုနှင့် စာပေလေ့လာဖတ်ရှု ဗဟုသုတဖလှယ်သည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

စာပေပညာရှင်များကလည်း ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင်ပွင့်လင်းစေရေး၊ စာဖတ်သည့် အလေ့အကျင့် ပိုမိုမြင့်မားလာရေးတို့အတွက် သုတ၊ ရသစာကောင်းပေမွန်များရေးသား၍ ဗဟုသုတပေးကြရမည်ဖြစ်သည်။

လူတိုင်းလူတိုင်း စာတတ်မြောက်လာခြင်းဖြင့် အမှန်နှင့်အမှား၊ အကျိုးနှင့်အပြစ်တို့ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်များ ပိုမိုရရှိလာစေမည်ဖြစ်သည်။ ပြည်သူများ စာများများ ဖတ်ရှုလေ့လာခြင်းဖြင့် အတွေးအခေါ် အသိအမြင် ကြည်လင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အမျိုးသားရေး အကျိုးစီးပွားရှုသည့် စာပေများ ရေးသားထုတ်ဝေခြင်း၊ ပြည်သူများ စာဖတ်ရှိန်မြင့်မားလာရေး စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်ကြခြင်းဖြင့် အတွေးမှန်၊ အမြင်မှန်၊ အသိမှန်၊ အလုပ်မှန်သော အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းရရှိလာမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းရှိန်အား ရည်စူး၍ ရန်ကုန်မြို့နေ ဦးခိုင်ထွေး-ဒေါ်သင်းသင်းခိုင်၊ သမီး သဲရတနာထွေး၊ ဆုရတနာထွေး (ASIA BRAVE TRADING LIMITED) မိသားစုက ဆွမ်းအလှူငွေကျပ်တစ်သိန်းကို ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဓမ္မကထိက ဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၈၁)ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိက ဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေ ကျပ်လေးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို အသင်းတိုက်တည်ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ်(၈၉) တွင် ဩဂုတ် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသား များနှင့် စေတနာရှင်၊ အလှူရှင်များအားလုံးကို ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် မျက်စိအလင်းအလှူအောင်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းနှင့် အနီးပတ်ဝန်းကျင်မြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် မျက်စိအလင်းအလှူအောင်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကွမ်းခြံကုန်းမြို့ ဇာတိမာန်ခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက် အမှာစကားပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ကွမ်းခြံကုန်းမြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ် ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးစီးသည့် မျက်စိအလင်းအလှူအောင်ပွဲတွင် မျက်စိခွဲစိတ်ပြီး လူနာတစ်ဦးအား နေကာမျက်မှန်တပ်ဆင်ပေးစဉ်။

(စွမ်းအင်)

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ပါမောက္ခဒေါက်တာဦးကံညွန့် ဦးဆောင်သည့် မျက်စိအထူးကု ဆရာဝန်ကြီးများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ မျက်စိဝေဒနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမဲ့ မျက်စိခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် မျက်စိအလင်းအလှူ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာနကိုယ်စား မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်က ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် နိုင်ငံအတွင်း ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး အခမဲ့ မျက်စိခွဲစိတ်ကုသပေးမှု အစီအစဉ်များနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း မျက်စိခွဲစိတ်ကုသပေးမှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇) ရပ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်၊ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်း၍ မျက်စိအထူးကု ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးတင်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့ မျက်စိအလင်းအလှူအောင်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စီစဉ်ဆောင်ရွက်

အဆိုပါ ကွမ်းခြံကုန်းမြို့နယ်အတွင်း မျက်စိအခမဲ့ ခွဲစိတ်ကုသပေးသည့် မျက်စိအလင်းအလှူပွဲကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ အားပေးကူညီမှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ကမကထပြုလုပ်၍ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း ကွမ်းခြံကုန်းမြို့နယ် အတွင်းနှင့် အနီးပတ်ဝန်းကျင် တွံတေး၊ ကော့မှူး၊ ဒေးဒရဲ၊ ဒလမြို့နယ် ကျေးရွာအုပ်စုများမှ မျက်စိဝေဒနာရှင်ပေါင်း ၆၉၆၃ ဦးတို့ကို စမ်းသပ်စစ်ဆေးပြီး အတွင်းတိမ်ခွဲစိတ်သူ လူနာပေါင်း ၄၄၉ ဦး၊ မျက်မှန်ပါဝါ လိုအပ်သူ ၄၃၃၆ ဦးတို့အား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးကြသည်။

အဆိုပါ မျက်စိအထူးကုအဖွဲ့တွင် မျက်စိအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသောပါမောက္ခဒေါက်တာဦးကံညွန့်၊ ပါမောက္ခ ဒေါက်တာဦးတင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာ ဦးကိုကိုသန့်တို့ ဦးဆောင်ပြီး ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဒေါက်တာ သူဇာဟန်၊ ဒေါက်တာ ရူပါအောင်၊ ဒေါက်တာ ညွန့်အောင်၊ ဒေါက်တာ နီလာသိန်း၊ ဒေါက်တာ အေးမြတ်ဦး၊ ဒေါက်တာ နန်းအိရွှေစင်၊ ဒေါက်တာ အေးမိုးထက်၊ ဒေါက်တာ အောင်မိုးထွန်း၊ ဒေါက်တာ ကျော်စွာဝင်း၊ ဒေါက်တာ သိန်းထွဋ်၊ ဒေါက်တာ အောင်နေဦး၊ ဒေါက်တာ ယဉ်ကြည်ဦး၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာ ကောင်းမြတ်ငြိမ်း၊ ဒေါက်တာ မောင်မောင်မျိုးဝင်း၊ သူနာပြုဆရာမ ၁၄ ဦး၊ မျက်မှန်ကျွမ်းကျင်သုံးဦးနှင့် Alcon ကုမ္ပဏီမှ မှန်ဘီလူးပါဝါတိုင်းတာသည့် ကျွမ်းကျင်ဝန်ထမ်းတစ်ဦး စုစုပေါင်း၃၆ ဦး ပါဝင်ကြသည်။

ပံ့ပိုးကူညီ

ယင်းမျက်စိ အခမဲ့ ခွဲစိတ်ကုသခြင်း လုပ်ငန်းအတွက် လိုအပ်သော မျက်စိခွဲစိတ်ကုသမှုဆိုင်ရာ ဆေးဝါးပစ္စည်းများ၊မျက်မှန်များနှင့်အခြားကုန်ကျစရိတ်များအားလုံးကို စွမ်းအင်ဝန်ကြီးဌာနနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားပိုင်နှင့် နိုင်ငံခြားသားပိုင် ရေနံကုမ္ပဏီပေါင်း ၁၀ ခုနှင့် တစ်ဦးချင်း အလှူရှင်များက ပံ့ပိုးကူညီခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးပညာရပ်ဟောပြောမည်

ရန်ကုန် ဩဂုတ် ၂၂

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGAအသင်းကြီးမှ ကြီးမှူး၍ (၂၈)ကြိမ်မြောက် စီးပွားရေး ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၂၅ ရက် စနေနေ့မွန်းလွဲ ၂နာရီတွင် Myanmar Info-Techအခန်း(၂၀၅)၌ ပြုလုပ်မည်ဖြစ်ရာ Former Chairman of CGA, U Thein Aung (Lecturer Retired)က ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၂၉၁၆၆၇ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၂

ဦးဟန်ထွေး (Super King အလှကုန်ထုတ်လုပ်ရေး)သည် သန်လျင်ဂေါက်ကလပ်၌ ဩဂုတ်၂၁ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၉၂ကိုက်အကွာမှ Top Flite No-2 ဘောလုံးကို Pol Born Iron No-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးစိုးညွန့်၊ ဦးစိုးသန်း၊ ဦးဝင်းတိုး၊ ဦးဇော်ဝင်းတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (က-ပ)

☆ ရှေ့ဖုံးမှ

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ(ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာအခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ၁၀၄၈ ဦးတို့ တက်ရောက်ကြသည့် အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေးစတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို **စာမျက်နှာ-၄ မှစ၍ ဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီတွင်ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၇ရက်(တနင်္လာနေ့) နံနက် ၉နာရီ တွင် ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀:၃၀	မိုးလေဝသခန့်မှန်းချက်
၇:၀၅	ငါးလေးလုံး တရားတော် (ဆရာတော်ဘဒ္ဒန္တ သောဘဏ)	၁၀:၃၅	မြန်မာစာ၊မြန်မာစကား(၉)
၈:၀၅	ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား(အခြေခံ) (အပြည့်လွှဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)	၁၀:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်	၁၀:၅၅	တေးဂီတအစီအစဉ်
၈:၁၅	ပြည်တွင်းအနုပညာရေးရာ	၁၁:၀၀	သင်ယူလေ့လာဂီတပညာ (ဂီတာအခြေခံတီးခတ်နည်း) (ကိုစိုင်း) (အပိုင်း-၃)
၈:၄၅	တေးဂီတအစီအစဉ်	၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	"သူ့ဘဝ သူ့လက်ရာ" (ပန်းချီ သိန်းမြင့်သိန်း၏ ရေဆေးအနုပညာလက်ရာ)	၁၁:၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (မြစ်နှစ်စင်းရဲ့ပင်လယ်)
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၂:၀၀	တေးဂီတအစီအစဉ်
၉:၂၀	၄က်မျိုးစုံစွာပျော်စရာကမ္ဘာ (အပိုင်း-၄)	၁၂:၁၀	Good Health (ကျန်းမာရေးပညာပေး ဟောပြောပွဲ) (အရေပြားထိန်းသိမ်းမှု အခြေခံအချက်များ) (အပိုင်း-၂) (အရေပြားအထူးကုဆရာဝန် ဒေါက်တာစိုးဝင်းဦး)
၉:၃၀	တေးဂီတအစီအစဉ်		
၉:၃၅	အသည်းရောဂါဆိုတာဘာလဲ (အပိုင်း-၁)(ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)		
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း	၁၂:၄၀	တေးဂီတအစီအစဉ်
၁၀:၀၀	တေးဂီတအစီအစဉ်	၁၂:၄၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၀:၀၅	နုယဉ်ဆန်းထွင်ပန်းအလှဆင် (L ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)	၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် အသိပညာပေးဟောပြောပွဲနှင့် အမျိုးသမီးငယ်ရွယ်လေးများ၏ စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၉ရက်တွင် ကွမ်းခြံကုန်းမြို့ အထက(၁)ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် အဖွဲ့ဝင်များ၊ ကွမ်းခြံကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအသီးသီးမှ အမျိုးသမီးများ၊ ကွမ်းခြံကုန်းမြို့ အထက(၁)နှင့် အထက(၂)တို့မှ သက်ငယ်အသင်းဝင်ကျောင်းသူ အမျိုးသမီးငယ်ရွယ်လေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့်က "အမျိုးသမီးငယ်များနှင့် ယဉ်ကျေးမှု"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူး အေးအေးမြင့်က လူမှောင်ခိုလူကုန် ကူးမှုဆိုင်ရာများအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် အမျိုးသမီးငယ်ရွယ်လေးများ စကားဝိုင်းဖွဲ့ဆွေးနွေးကြသည်။ ဆွေးနွေးပွဲအပြီးတွင်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ရာ အထက(၁)နှင့် အထက(၂)တို့မှ အသင်းဝင် သက်ငယ်ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၆၃၀ကို တာဝန်ရှိသူများက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းထံ ပေးအပ်သည်။ အဆိုပြုလွှာပေးအပ်ပွဲအပြီးတွင် အသင်းဝင်များအတွက် ဝတ်စုံများကို စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပေးအပ်သည်။(သတင်းစဉ်)

‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့် မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ပါတယ်။ အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့ စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့ အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၇ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ ဖတ်ကြားတင်ပြခဲ့ကြတာ ညီလာခံ ကိုယ်စားလှယ်များအားလုံး သိရှိကြပြီးဖြစ်ပါတယ်။ အဲဒီအကြံပြုချက်တွေအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့် မူများအတွင်းက ကောင်းမွန်သင့်မြတ်တဲ့ အကြံပြုချက်များကို တင်ပြခဲ့ကြပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့အချို့က တင်ပြထားတဲ့ သီးခြားအကြံပြုချက်အချို့ဟာ ဆိုရင် နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်များ ဖြစ်တဲ့အတွက် အဲဒီအကြံပြုချက်များနဲ့စပ်လျဉ်းလို့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များရဲ့ သဘောထားများကို သဘာပတိအဖွဲ့များမှတစ်ဆင့် ရယူခဲ့ပါတယ်။

အဲဒီနောက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းလို့ ညီလာခံ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်တွေကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ်လေ့လာခဲ့ပါတယ်။ အဲဒီလိုလေ့လာပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာ ပြုစုထားတဲ့ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းတဲ့ ရှင်းလင်းချက်ကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က အသေးစိတ် လေ့လာပြီး အတည်ပြုခဲ့ပါတယ်။ အဲဒီလို အတည်ပြုခဲ့တဲ့ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်တဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရာမှာ အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)နဲ့ စပ်လျဉ်းပြီး–

“၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မယ့် ‘နိုင်ငံတော်အခြေခံမူများအခန်း’အတွက် နိုင်ငံတော်အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလိုချမှတ်ခဲ့တဲ့ အခြေခံမူများအပေါ် အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီအခြေခံမူများဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီး ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့ အညီ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေနဲ့ အချိန်အခါ မကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမယ်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့ လိုမယ်လို့ သုံးသပ်ရရှိပါတယ်။

ဒီအချက်နဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ထည့်သွင်းသတ်မှတ်မယ်ဆိုရင် အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင် ဖြည့်စွက်ဖော်ပြသင့်တယ်လို့ သဘောရရှိပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမယ့်မူတွင် **‘နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်’** လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီ အသေးစိတ်အခြေခံရမည့်မူနဲ့ဆက်ပြီး **‘နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ’**ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်” လို့ ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင် ဖော်ပြထားသည့်–

“နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ”

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့
- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမူထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင် ဖော်ပြထားသည့်–

“နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်”

ဆိုသော စကားရပ်နှင့်ဆက်၍–

“နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ”

လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

စာမျက်နှာ ၅ ကော်လံ ၁ သို့

❐ စာမျက်နှာ ၄ မှ

"၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ် ၅၀ အဖြစ် **"ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်"** လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီအသေးစိတ်အခြေခံရမယ့်မူပါ ဖော်ပြချက်အရဆိုရင် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း' ရှိ 'နိုင်ငံတော်' ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင် သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အခန်း(၁)ဖြစ်တဲ့ "နိုင်ငံတော်အခြေခံမူများအခန်း" တွင်လည်း 'နိုင်ငံတော်' ဆိုတဲ့ စကားရပ်များ အများအပြားပါရှိတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခန်းမှာ ဖော်ပြထားတဲ့ 'နိုင်ငံတော်' ဆိုတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ်ရှင်းလင်း ဖွင့်ဆိုချက်ကိုပါ တစ်ပါတည်း အကျုံးဝင် သတ်မှတ်ပြီးဖြစ်စေဖို့ ဖော်ပြပါ အပိုဒ် ၅၀ တွင် ထပ်မံဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့အပြင် အဲဒီအပိုဒ်မှာ 'အဖွဲ့အစည်း' ဆိုတဲ့ စကားရပ်ကိုသာ ရည်ညွှန်းဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလည်း ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလို အခြေအနေမျိုး ရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာပေါ်ပေါက်နိုင်ပါတယ်။ ယခုကတည်းက အသေးစိတ် အခြေခံရမယ့်မူတွင် ပြည့်စုံအောင် ထည့်သွင်းဖော်ပြလိုက်မယ်ဆိုရင် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း ရှိနိုင်မယ်မဟုတ်ပါ" လို့ ရှင်းလင်း ပြောကြားပြီးနောက် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက် အပိုဒ်(၅၀)တွင် ဖော်ပြထားသည့်-

"ဤအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကို

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့-
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ-

"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက် အပိုဒ်(၅၀)အဖြစ်-

"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊

- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့-
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

- ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၂)အဖြစ်-

"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"

လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

နိုင်ငံတော် အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ

"စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်" ဆိုတဲ့ စကားရပ်အစား၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" လို့ ဖြည့်စွက်၍ အခြေခံမူချမှတ်

သော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်းကို ဆိုလိုသည်"

ဆိုတဲ့ စကားရပ်အစား-

"ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ပြင်ဆင်ချမှတ်သင့်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့-

> တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)အဖြစ်-
> **"တရားလွှတ်တော် ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"**
> လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်။

အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်"

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား-

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက-

"၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော် ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြစဉ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းနဲ့ စပ်လျဉ်းပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)တွင် "တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ" လို့ ဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့တာဟာ အနည်းဆုံးလိုအပ်ချက် မည်မျှဖြစ်ရမယ်ဆိုတာ ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)တွင် "တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ" လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် "အနည်းဆုံး" ဆိုတဲ့ စကားရပ် မပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန် လည်းကောင်း "အနည်းဆုံး ၁၅ နှစ်" လို့ သုံးနှုန်းသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့-

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

သဘာပတိကြီးခင်ဗျား-

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက-

"၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ခ)ရှိ နိုင်ငံတော်၏ ဦးတည်ချက်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၄) တွင် "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး" ဟုလည်းကောင်း၊ အပိုဒ်(ဂ)ရှိ ပါတီစုံ ဒီမိုကရေစီနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူအဖြစ် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟုလည်းကောင်း၊ အပိုဒ်(လ)တွင် "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်" ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တဲ့အခါ အပိုဒ် ၂၊ အပိုဒ်ခွဲ (က)တွင် "နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်" လို့ ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ) အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ) တို့ရှိ "စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်" ဆိုတဲ့ စကားရပ်အစား **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့-

- တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့-
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို (ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲

နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)အပိုဒ်ခွဲ(၁)(၂)(၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်" ဆိုတဲ့ စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်" လို့ ဖြည့်စွက်၍ အခြေခံမူချမှတ်

▲ စာမျက်နှာ ၅ မှ

- ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
- ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
- 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ခ)အပိုဒ်ခွဲ(၄)၊ အပိုဒ်(ဂ)နှင့် အပိုဒ်(လ)တို့ရှိ "စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်"ဆိုတဲ့စကားရပ်အစား "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်"

လို့ ဖြည့်စွက်၍ အခြေခံမူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ နိုင်ငံတော်အခြေခံမူများအခန်းအတွက် အခြေခံမူများ ချမှတ်စဉ်က အပိုဒ်(ဈ)ရှိ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ် အပိုဒ်ခွဲ(၁)တွင် "နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၂)တွင် "ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တစ်ရပ် ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(၃)တွင် "ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များထုတ်ပိုင်ခွင့်အာဏာများရှိသည်"ဟုလည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါပေမယ့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်အခါ အပိုဒ်(၁)မှ အပိုဒ်(၉)အထိနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ အပိုဒ်(၁)၊ အပိုဒ်(၂)နှင့် အပိုဒ်(၈)တို့ရှိ အသေးစိတ်အခြေခံရမည့်မူများတွင် "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"ဟု ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ) အပိုဒ်ခွဲ(၁)(၂)(၃) တို့ရှိ "ပြည်ထောင်စု တရားလွှတ်တော်"ဆိုတဲ့ စကားရပ်အစား **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံ ကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"နိုင်ငံတော်အခြေခံမူများအခန်းရှိ အပိုဒ်(ဈ)အပိုဒ်ခွဲ(၁)(၂)(၃)တို့ရှိ "ပြည်ထောင်စုတရားလွှတ်တော်" ဆိုတဲ့ စကားရပ်အစား "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"

လို့ ဖြည့်စွက်၍ အခြေခံမူချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ခုနှစ် မတ်လ ၂၉ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က–

အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်" လို့ သုံးနှုန်းထားတဲ့အတွက် နိုင်ငံတော်သမ္မတအနေနဲ့ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပေးခြင်းမပြုဘဲ နေနိုင်တဲ့သဘော သက်ရောက်နေပါတယ်။

ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)ရှိ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်"ဆိုတဲ့ စကားရပ်အစား **"နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"**လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးက လည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဓ)အဖြစ်–

"သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌအားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့ပေးရမည်"

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်စဉ်က အပိုဒ် ၂၂၊ အပိုဒ်ခွဲ(ဌ)တွင်–

"(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်"

လို့ ဖော်ပြခဲ့ပါတယ်။

အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်"ဟုလည်းကောင်း၊

အပိုဒ် ၃၁၊ အပိုဒ်ခွဲ (င)တွင် " တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"ဟု လည်းကောင်း ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

" တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟု လည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စု စာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

> အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–
>
> **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–**
>
> **(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊**
>
> **(၂) ပြည်ထောင်စုရှေ့နေချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"**

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦး ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက် မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

* စာမျက်နှာ ၆ မှ

– ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ
– မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
– လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
– ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
– ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
– 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့(၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်း အပိုဒ် ၂၈၊ အပိုဒ်ခွဲ(စ)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟု လည်းကောင်း

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(င)အဖြစ်–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်သည်–

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်၊

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အားလည်းကောင်း တာဝန်ခံရမည်"

ဟုလည်းကောင်း ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦး ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။

ယခုအခါ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ ဦးတည်ချက်(၁၂)ရပ်နဲ့အညီ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတဲ့အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေမှာ တစ်နေ့နဲ့တစ်နေ့၊ တစ်လနဲ့တစ်လ၊ တစ်နှစ်နဲ့တစ်နှစ် မတူညီတော့ဘဲ အရှိန်အဟုန်မြင့်မားစွာ တိုးတက်လာတာကို ညီလာခံကိုယ်စားလှယ်ကြီးများ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ပါတယ်။ နောင်အခါမှာ ယခုထက်ပိုမိုပြီး စိုက်ပျိုးရေးအရသော်လည်းကောင်း၊ စက်မှုလက်မှုအရသော်လည်းကောင်း လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ စီမံကိန်းတွေကို နိုင်နင်းအောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် လုပ်ငန်းများနဲ့ လိုက်လျောညီထွေရှိမယ့် မြို့နယ်များကို ဖွဲ့စည်းသင့်ပါက တိုးချဲ့ဖွဲ့စည်းလာကြမှာဖြစ်ပါတယ်။ အကယ်၍ မြို့နယ်ပေါင်း ၃၃၀ထက် ကျော်လွန်လာတဲ့အခါ ပြည်သူ့လွှတ်တော်အတွက် တစ်မြို့နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်မယ်ဆိုပါက ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ ထက် ကျော်လွန်သွားမှာဖြစ်ပါတယ်။

အဲဒါကြောင့် မြို့နယ်အသစ်များကို တိုးချဲ့ဖွဲ့စည်းတဲ့အခါ မြို့နယ်ပေါင်း ၃၃၀ထက် ကျော်လွန်လာပါက အသစ်ဖွဲ့စည်းလိုက်တဲ့မြို့နယ်တွေကို ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုခုနဲ့ ပူးပေါင်းပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကို သတ်မှတ်ပေးသင့်ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ကြခြင်းအားဖြင့် သတ်မှတ်ထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၃၀ ကို ရွေးကောက်တင်မြှောက်နိုင်ကြမှာဖြစ်ပါတယ်"လို့ ရှင်းလင်းပြောကြားပြီးနောက် ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ဦးထက်မပိုသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့်နဲ့

"အထက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မည်ဆိုပါက ယင်းချမှတ်မည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် **'လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်'** ဆိုသည့် အသုံးအနှုန်းအစား **'မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်'**ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဖြစ်ကြောင်း" လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်တဲ့–

– တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့
– တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
– အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့
– အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့
– နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
– အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
– နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  – တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  – ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  – ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  – မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
  – လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  – ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  – ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
  – 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့ (၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့ (၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ်အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ

"ဥပဒေပြုရေးအခန်း" ဥပဒေပြုရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် အပိုဒ် ၄ အဖြစ်

"ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့် မြို့နယ်တစ်ခုခုနှင့် ပူးပေါင်းအခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ဦးထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် ၁၁၀ ဦးထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ"

ဟု လည်းကောင်း၊

ယင်းချမှတ်လိုက်သည့်မူနှင့် လိုက်လျောညီထွေဖြစ်စေရန် "လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်"ဆိုသည့် အသုံးအနှုန်းအစား "မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့်လွှတ်တော်" ဟု ပြင်ဆင်သုံးနှုန်းသွားမည်ဟု လည်းကောင်း"

ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်လိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ ၂၈ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော် ရှင်းလင်း တင်ပြခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြစဉ်က အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး ပြည်ထောင်စု နယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီ အတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက် တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စား လှယ် ၅၆ ဦး"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။

အထက်ပါ အသေးစိတ်အခြေခံရမယ့်မူအပိုဒ်(က)တွင် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်စေပြီး ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ'ဟု လည်းကောင်း၊ အပိုဒ်(ခ)တွင် 'ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီဖြင့်'ဟု လည်းကောင်း သတ်မှတ်ထားပါတယ်။ အဲဒီလို ပြည်ထောင်စုနယ်မြေများ အပါအဝင်ဟု ဖော်ပြထားခြင်းမှာ လက်ရှိ ပြည်နယ်နှင့်တိုင်းများတွင်ပါဝင်ခဲ့ပြီး ပြည်ထောင်စုနယ်မြေများအဖြစ် သတ်မှတ်ထားသည့် နယ်မြေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းပြီးနောက် ထူးခြားသည့်အခြေအနေရှိ၍ ပြည်ထောင်စု လွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်သည့် နယ်မြေများကို ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။ သို့သော် စကားအသုံးအနှုန်း ပိုမိုတိကျမှုရှိစေရေးအတွက် " ပြည်ထောင်စုနယ်မြေများ"ရှေ့တွင် ' သက်ဆိုင်ရာ' 'ဟူသော စကားရပ်ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် အဓိပ္ပာယ်ပိုမိုရှင်းလင်းနိုင်မည် ဖြစ်ပါတယ်" လို့ ရှင်းလင်းပြောကြားပြီးနောက် အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

"အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများ သည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည် လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန် ကိစ္စအလို့ငှာ အဆိုပါ နယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူများ ပြင်ဆင်ချမှတ်ရန် သင့်၊ မသင့် ရှင်းလင်း တင်ပြခဲ့ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

စာမျက်နှာ ၇ မှ

အဲဒီလို လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြခဲ့တဲ့အချက်များကို အကျိုးအကြောင်း ဖော်ပြလျက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြင်ဆင်ချမှတ်သင့်ကြောင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်တဲ့–

- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့
- တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့
- အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့
- အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့
- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့–
  - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
  - ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
  - ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
  - မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့
  - လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
  - ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်
  - ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
  - 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ တို့နဲ့

– ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ဒေါက်တာမှုထန်၊ ဦးအောင်သိန်းနဲ့ ဦးထွန်းကျော်တို့(၃)ဦးကလည်းကောင်း၊ ဦးတင်ဝင်း၊ ဦးသိမ်းကြည်၊ ဦးလှစိုး၊ ဦးမြလှိုင်၊ ဦးကြည်ဝင်းနဲ့ ဦးတင်ထွန်းမောင်တို့(၆)ဦးကလည်းကောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ထိုအစုအဖွဲ့များမှာ ပါဝင်ကြတဲ့ ညီလာခံကိုယ်စားလှယ် အများအပြားရဲ့ အကြံပြုချက်များနဲ့အညီ–

"အမျိုးသားလွှတ်တော်ကို ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦး၊

(ခ) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးကျစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့် (ခ)တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သော ပြည်ထောင်စုနယ်မြေများသည်လည်းကောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရန်ကိစ္စအလို့ငှာ အဆိုပါနယ်မြေပါဝင်ခဲ့သည့် ပြည်နယ် သို့မဟုတ် တိုင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ ပါဝင်ခြင်းကိုဆိုသည်"

လို့ ပြင်ဆင်၍ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်လိုက်ပါတယ်။ ။

ခေတ်မီမီးသတ်စခန်းသစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ မင်္ဂလာပန္နက်တင်

ရန်ကုန် ဩဂုတ် ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဩဂုတ် ၂၀ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် (၅)ယူနစ် ခေတ်မီနှစ်ထပ်မီးသတ်စခန်းသစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး ဂျပန်နိုင်ငံကလှူဒါန်းသည့် မီးသတ်ယာဉ်များနှင့် အသက်ကယ်လုပ်ငန်းသုံး မီးသတ်ပစ္စည်းကိရိယာများနှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်) အလုပ်ရုံဌာနမှ အင်ဂျင်နီယာအရာရှိများ၏ တီထွင်တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၅)ယူနစ်ခေတ်မီနှစ်ထပ်မီးသတ်စခန်းသစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို အဆိုပါမီးသတ်စခန်း၌ ကျင်းပရာ မီးသတ်စခန်းတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ သူရိန်သွေး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်က ရှင်းလင်းတင်ပြပြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီးတို့၌ မင်္ဂလာပန္နက်တင်ပေးကြပြီး ပန္နက်တိုင်များကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ဂျပန်နိုင်ငံ Rotary Club က လှူဒါန်းသည့် မီးသတ်ယာဉ် ၁၆ စီးအနက် ၁၂စီးကိုလည်းကောင်း၊ ယာဉ်တစ်စီးအပါအဝင် မီးသတ်ယာဉ်များနှင့် အတူပါရှိလာသော အသက်ကယ်လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် သော့ဖြတ်ကတ်ကြေး (Bolt Cutter)၊ သံကွန်ကရစ်ဖြတ်စက် (Hydraulic Cutter)၊ ဖြန့်ကားစက် (Spreader)၊ ချဲ့ကားစက် (Ram)၊ မ,တင်နိုင်သည့်လေအိတ် (Lifting Bag)၊ အလူမီနီယံကြိုးလှေကားလိပ် (Alumonium Rope Ladder)၊ အသက်ကယ်ကြိုး၊ အသက်ကယ်ဝတ်စုံသိုင်းကြိုး (Rescue Harness)၊ ရော်ဘာလက်အိတ် (Glove)၊ မီးခိုးထုတ်ကိရိယာ (Smoke Ejector) များ၏ အသုံးပြုနိုင်မှုစွမ်းရည်များကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန အင်ဂျင်နီယာအရာရှိများက တည်ဆောက်ထားသော တစ်လုံးထိုးနှင့် နှစ်လုံးထိုး ထော်လာဂျီမီးသတ်ယာဉ်နှင့် ရေယာဉ်မီးငြိမ်းသတ်စက်တို့၏ ရေပက်ဖျန်းငြိမ်းသတ်မှု၊ စွမ်းရည်ပြသမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးအား မီးသတ်ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ တာဝန်ရှိသူက ဂျပန်နိုင်ငံ Rotary Club က လှူဒါန်းသည့် မီးသတ်ယာဉ်များကို မီးသတ်ဦးစီးဌာန (နေပြည်တော်)သို့ ပေးပို့မည့် အခြေအနေ၊ ပြည်နယ်နှင့်တိုင်းများသို့ ဖြန့်ခွဲမည့်အခြေအနေ၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)အလုပ်ရုံဌာနမှ အင်ဂျင်နီယာအရာရှိများ တီထွင်ဆောက်လုပ်ထားသည့် တစ်လုံးထိုးနှင့် နှစ်လုံးထိုး ထော်လာဂျီမီးသတ်ယာဉ်နှင့် ရေယာဉ်မီးငြိမ်းသတ်စက် တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဂျပန်နိုင်ငံမှ လှူဒါန်းသည့် မီးသတ်ယာဉ်များနှင့်အတူ ပါရှိလာသော အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄:၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၀၀ ၅။ အတီးပြိုင်ပွဲ
- ၅:၁၀ ၆။ **"ငါးရစ်မျိုးငါး––တို့မစား" (ဇော်ခိုင်၊ သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား) (ဒါရိုက်တာ–ရဲဝင်းနီ)**
- ၅:၂၀ ၇။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊အမျိုးသမီး)
- ၅:၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅:၄၅ ၉။ သတိပြုစရာသွေးလွန်တုပ်ကွေးရောဂါ(အပိုင်း–၂)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သီရိဂေဟာ
- ၇:၀၀ ၁၃။ ကြံတောင်သူတွေဝင်ငွေသုံးဆတိုးဖို့ ဆင်းရွှေလီကြံစိုက်ကြစို့ (အပိုင်း–၂)
- ၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ ချစ်မေတ္တာ" (အပိုင်း–၁၄)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း–၉)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတို့ပူးပေါင်းပြီး စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို ဩဂုတ် ၂၄ရက်နှင့် ၂၅ရက်တွင် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီခွဲအထိ လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ ဆက်လက်၍လည်း အခြားစက်မှုဇုန်များတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ တက်ရောက်လိုသည့် ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဖုန်းအမှတ်–၂၁၄၈၃၀ နှင့် ၂၁၄၈၃၂ သို့လည်းကောင်း၊ ဖက်(စ်)အမှတ် ၂၁၄၈၃၂ သို့ လည်းကောင်း E-mail-admincentral @mafpea. org. mm နှင့် mia@myanmar. com.mm သို့ လည်းကောင်း ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၂ရက်မှ ၂၇ရက်အထိ ကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကိုယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့ နံနက် ၁၁နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(အောက်ပုံ)

မြန်မာလူငယ် ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးထွန်းအောင်ကျော်၊ နည်းပြဆရာများအဖြစ် ဦးဇော်ဝင်းထွန်းနှင့် ဦးဟန်ထွန်း၊ ဆရာဝန်အဖြစ် ဒေါက်တာတင့်လွင်၊ အားကစားသမားများအဖြစ် စိုးလင်းထွန်း၊ အောင်ဝင်းနိုင်၊ ကျော်ဇေယျာဝင်း၊ထူးကျော်၊အေးဆန်း၊ ရန်မျိုးအောင်၊ သီဟစည်သူ၊ ဟိန်းကျော်သူ၊ နေဇော်ထက်၊ နေဝင်း၊ ပြည့်ဖြိုးဦး၊ မြတ်ထူးနိုင်၊ ပိုင်စိုး၊ ကျော်သီဟ၊ ကျော်ဌေးဦး၊ ဇင်မျိုးအောင်၊ တင်အောင်မိုးနှင့် စည်သူသန်းတို့ ပါဝင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ တရုတ်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

➪ **ကာကွယ်ရေးဝန်ကြီးဌာနမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကိုင်းကုန်းပရိယတ္တိစာသင်တိုက်အတွက် စာသင်ကျောင်းဆောင် ဆောက်လုပ်ရန် နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းရာ တန့်ယန်းမြို့နယ် ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပြည်သူများနှင့် ဒေသခံတောင်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တန့်ယန်းမြို့နယ် မိုင်းကောင်တပ်နယ်သို့သွားရောက်၍ တပ်တွင်း ရေအားလျှပ်စစ်ပေးဝေနေမှု အခြေအနေများနှင့် တပ်နယ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်နယ်ရှိ ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တပ်နယ်မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူဧက ၅၀၀ စိုက်ခင်းနှင့် ပတ္တမြားဥယျာဉ်ကုမ္ပဏီ ခြံစည်းရိုးကြက်ဆူ စိုက်ခင်းသို့ရောက်ရှိကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကြက်ဆူစိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ရုပ်မြင်သံကြားမျက်နှာပြင်မှ ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပတ္တမြားဥယျာဉ်ကုမ္ပဏီ၏ ပျိုးပင်ပေါင်း ၂၅၀၀ စိုက်ပျိုးထားသည့် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေး၍ ပျိုးဥယျာဉ်အနီးရှိ နှစ်ပေါင်း ၁၀၀ခန့်ရှိ ခြံစည်းရိုးကြက်ဆူပင်ကြီးအား ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ပတ္တမြားဥယျာဉ်ကုမ္ပဏီပိုင် ကြက်ဆူဆီကြိတ်စက်ရုံသို့ရောက်ရှိရာ ပိုင်ရှင် ဦးသန်းဝင်းက ကြက်ဆူစေ့မှ ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကြက်ဆူဆီကြိတ်စက်ရုံသည် တစ်နာရီတွင် ၃၃ဂါလန်ထွက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တန့်ယန်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တန့်ယန်းမြို့ လွယ်ပန်လုံခန်းမ၌တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များကို တွေ့ဆုံပြီး တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားကာ တပ်နယ်မိသားစုဝင်များထံ လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ညနေ ၅နာရီတွင် မိုင်းရယ်မြို့သို့ ရောက်ရှိကြရာ အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တပ်နယ်မိသားစုဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းရယ်မြို့ သစ်ခွရိပ်သာ၌ အထူးဒေသ(၃) တိုင်းရင်းသားအဖွဲ့များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းမြို့ ကိုင်းကုန်း ပရိယတ္တိစာသင်တိုက်အတွက် စာသင်ကျောင်းဆောင် ဆောက်လုပ်ရန် နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့ အနာဂတ်လုပ်ငန်းစဉ် အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ (ICIMOD) ၏ အနာဂတ်လုပ်ငန်းစဉ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ICIMODမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Madhav B. Karkiက မြန်မာနိုင်ငံနှင့် အခြားအဖွဲ့ဝင်နိုင်ငံများတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် တောင်တန်းများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့်လိုက်လျောညီထွေစွာနေထိုင်ပြီး ဂေဟစနစ်များ၏ ဝန်ဆောင်မှုများကို မှန်မှန်ကန်ကန် အသုံးချနိုင်ရေး၊ ရေသုံးစွဲမှုနှင့် ရေဘေးအန္တရာယ်ကာကွယ်မှုတို့ကို ပူးတွဲအုပ်ချုပ်စီမံနိုင်ရေးတို့ကို ကျွမ်းကျင်ပညာရှင်များနှင့် တက်ရောက်ဆွေးနွေးသူများ (Participants)က အသေးစိတ် ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားတွင် ငါးများအစာကျွေးနိုင်

ရန်ကုန် ဩဂုတ် ၂၂

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာမြို့သစ် စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားတွင် ဝါထပ်၊ ဝါမထပ်ကိုသိ၍ နှစ်စဉ်လာမြဲဖြစ်သော အသက်လွတ်စားသော ဘုရားဖူးငါးများ ရောက်ရှိနေပြီဖြစ်ပါ၍ ဘုရားဖူးပြည်သူများ ငါးစာများ လာရောက်ကျွေးမွေး လှူဒါန်းနိုင်ပါကြောင်း ဂေါပကအဖွဲ့ကနှိုးဆော်ထားသည်။(က-ပ)

ကွန်ပျူတာတစ်ခုလုံး မြန်မာစာဖြင့် သုံးနိုင်တော့မည် မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ကွန်ပျူတာအသီးသီးတွင် အသုံးပြုနိုင်သော မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက် (MyMyanmar Unicode System Second Generation)နှင့် ကွန်ပျူတာတစ်ခုလုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည့် မိုင်ဝင်းဒိုးစ် (My Windows) စနစ်တို့ စမ်းသပ်အသုံးပြုနိုင်ရန် စတင်မိတ်ဆက်တင်ပြပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက မြန်မာနိုင်ငံသားတိုင်း ကွန်ပျူတာအသုံးပြုနိုင်ရေးအတွက် အရေးပါသော မြန်မာယူနီကုတ်နှင့်စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွဋ်က အနာဂတ်တွင် တွင်ကျယ်လာမည့် မြန်မာယူနီကုတ်စနစ် အသုံးပြုမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ယူနီကုတ်ကွန်ဆိုဒီယံ (The Unicode Consortium)မှ မိုက်ကယ်အီဗာဆင် ပေးပို့သော မြန်မာယူနီကုတ်စနစ်များအကြောင်း ပြောကြားချက်ကို ဆက်လက်တင်ပြသည်။

ဆက်လက်၍ မိုင်မြန်မာယူနီကုတ်စနစ်ကိုတီထွင်သူ မောင်ထူးမြင့်နောင်က မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက် ဆက်လက်တီထွင်ရသည့်အကြောင်းရင်းနှင့် မိုင်မြန်မာယူနီကုတ်စနစ်နှင့် စွမ်းဆောင်ရည်များအကြောင်း ဆက်လက်ရှင်းလင်းတင်ပြသည်။

အသုံးပြုနိုင်

မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက်သည် ယူနီကုတ်ကွန်ဆိုဒီယံက ၂၀၀၇ ခုနှစ် ဧပြီလက သတ်မှတ်အတည်ပြုခဲ့သောယူနီကုတ်စံသတ်မှတ်ချက် ၅ ဒသမ ၁ နှင့်အညီ တီထွင်ထားသောစနစ် ဖြစ်သည်။ မိုင်မြန်မာယူနီကုတ်စနစ်တွင် Myanmar 2 fontအပါအဝင် အဆိုပါ စံသတ်မှတ်ချက်ကို လိုက်နာသော ယူနီကုတ်မြန်မာ fontများအားလုံး အသုံးပြုနိုင်မည့် My Inputခေါ် ကွန်ပျူတာအတွင်း သတင်းအချက်အလက်များ ရိုက်သွင်းသည့်စနစ် တစ်ပါတည်း ပါရှိသည်။ My Inputသည် မြန်မာဘာသာစကားအပြင် အခြားတိုင်းရင်းသားဘာသာစကားများ ဖြစ်သည့် ကရင်၊ မွန်၊ ရှမ်း ဘာသာစကားများအတွက်ပါ ယူနီကုတ်စနစ်နှင့်အညီ အသုံးပြုနိုင်စေရန် ဆောင်ရွက်ထားသည့် input method editor စနစ်တစ်ခုဖြစ်သည်။ ထို့ပြင် မိုင်မြန်မာယူနီကုတ်စနစ်သည် ကွန်ပျူတာပေါ်တွင်သာမက မိုဘိုင်းလ်ဖုန်းများ၊ ပီဒီအေများ၊ အီလက်ထရွန်နစ် အဘိဓာန်များ၊ တီဗွီ၊ ဗွီစီဒီ၊ ဒီဗွီဒီဖွင့်စက်များ အစရှိသည့် အခြား အီလက်ထရွန်နစ်ပစ္စည်းများတွင်လည်း အသုံးပြုနိုင်သည်။

ကြည့်ရှုလေ့လာ

ထို့နောက် မောင်ထိန်လင်းထူးက ကွန်ပျူတာတစ်ခုလုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်မည့် My Windows စနစ်နှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်း တင်ပြသည်။ မိုင်ဝင်းဒိုးစ်စနစ်သည် ယနေ့ကွန်ပျူတာအများစုတွင် အသုံးပြုနေကြသော Windows XP စနစ်တစ်ခုလုံးအား မြန်မာဘာသာဖြင့် ပြောင်းလဲအသုံးပြုနိုင်စေရန် တီထွင်ထားသောစနစ်ဖြစ်သည်။ Windows တွင် ပါဝင်သော menuများ၊ commandများကို မြန်မာဘာသာဖြင့် တိုက်ရိုက်အသုံးပြုနိုင်ပြီး ကွန်ပျူတာအတွင်းရှိ ဖိုင်အမည်များကို မြန်မာဘာသာဖြင့် အမည်ပေးခြင်း၊ ရှာဖွေခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အင်တာနက်အသုံးပြုခြင်း၊ အီးမေးလ်ပေးပို့ခြင်းများကိုလည်း မြန်မာဘာသာဖြင့်ပင် တိုက်ရိုက်ပေးပို့နိုင်၊ လက်ခံနိုင် အသုံးပြုနိုင်တော့မည် ဖြစ်သည်။

ယနေ့ ရှင်းလင်းတင်ပြသော မိုင်မြန်မာယူနီကုတ်စနစ်နှင့် မိုင်ဝင်းဒိုးစ်စနစ်များကိုအသုံးပြု၍ ကွန်ပျူတာတစ်ခုလုံးကို မြန်မာစာဖြင့် အသုံးပြုနိုင်တော့မည် ဖြစ်သည်။ ဘာသာစကားအခက်အခဲကြောင့် ကွန်ပျူတာအသုံးပြုမှုအခက်အခဲ ရှိနေမှုများ လျော့နည်းသွားစေပြီး မြန်မာစာတတ်သူတိုင်း ကွန်ပျူတာကို အသုံးပြုနိုင်မည်ဖြစ်သဖြင့် အနာဂတ်အိုင်တီဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ မိုင်မြန်မာ ယူနီကုတ်စနစ် ဒုတိယမျိုးဆက်နှင့် မိုင်ဝင်းဒိုးစ်စနစ်များကို လာမည့်အောက်တိုဘာလတွင် အများပြည်သူတို့အသုံးပြုနိုင်ရန်အတွက် ထုတ်လုပ်ဖြန့်ချိမည်ဖြစ်ကြောင်း သိရှိရသည်။ မိုင်မြန်မာယူနီကုတ်စနစ်၊ မိုင်ဝင်းဒိုးစ်စနစ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များ ရှိပါက www.mymy-anmar.net သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

တီထွင်ခဲ့

ယနေ့ မိတ်ဆက်တင်ပြသော မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက်နှင့် မိုင်ဝင်းဒိုးစ်စနစ်များကို တီထွင်အကောင်အထည်ဖော်ခဲ့သောမောင်ထူးမြင့်နောင်နှင့် မောင်ထိန်လင်းထူးတို့သည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ဂုဏ်ထူးတန်းနှင့် နောက်ဆုံးနှစ်များတွင် တက်ရောက်ပညာသင်ကြားနေသူများ ဖြစ်ကြသည်။ မောင်ထူးမြင့်နောင်သည် မိုင်မြန်မာယူနီကုတ်စနစ်ကို ကွန်ပျူတာတက္ကသိုလ် ပထမနှစ်ကတည်းက အောင်မြင်စွာ တီထွင်ခဲ့ပြီး မိုဘိုင်းလ်ဖုန်းများပေါ်တွင် အသုံးပြုနိုင်သော မြန်မာစာ စနစ်ကိုလည်း ၂၀၀၆ခုနှစ်တွင် တီထွင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဗဟိုအဖွဲ့၏ အနာဂတ်လုပ်ငန်းစဉ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သစ်တော)

ရှင်းလင်းတင်ပြ

ကွန်ပျူတာအသီးသီးတွင် အသုံးပြုနိုင်သော မိုင်မြန်မာယူနီကုတ်စနစ် ဒုတိယမျိုးဆက်နှင့် ကွန်ပျူတာတစ်ခုလုံးကို မြန်မာဘာသာဖြင့်အသုံးပြုနိုင်မည့် မိုင်ဝင်းဒိုးစ်စနစ်တို့ စမ်းသပ်အသုံးပြုနိုင်ရန် စတင်မိတ်ဆက် တင်ပြပွဲတွင် မောင်ထူးမြင့်နောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံမှ အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင်များ ဆိုးလ်မြို့တောင်ပိုင်း ပင်လယ်ကမ်းခြေဒေသတွင်လေ့ကျင့်နေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ကန်တပ်ဖွဲ့တိုးမြှင့်ချထားသည့်ဘုရှ်၏အစီအစဉ် နိုင်ငံခြားရေးမူဝါဒ ကျွမ်းကျင်သူအများစု ဆန့်ကျင်

ဝါရှင်တန် ဩဂုတ် ၂၁

အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရရှိရေးအတွက် အမေရိကန်တပ်ဖွဲ့များ တိုး၍ ပေးပို့သည့်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်၏ မဟာဗျူဟာကို အမေရိကန်နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ကျွမ်းကျင်သူ ထက်ဝက်ကျော်က ဆန့်ကျင်ကြောင်း လေ့လာချက်စစ်တမ်းတစ်ခုက ဖော်ပြသည်။

ထိုသို့ တပ်ဖွဲ့များ အီရတ်သို့ တိုး၍ ပေးပို့ခြင်းဖြင့် အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု ကျွမ်းကျင်သူများက ရှုမြင်ကြသည်။ အီရတ်နိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှု အခြေအနေနှင့်ပတ်သက်၍ လာမည့်စက်တင်ဘာလတွင် အိမ်ဖြူတော်နှင့် ကွန်ဂရက်သို့ အစီရင်ခံစာ တင်ပြရန်ရှိသည်။ ယင်းအစီရင်ခံစာကို စောင့်ဆိုင်းနေကြချိန်တွင် ကျွမ်းကျင်သူများ၏ သဘောထားကို သိရှိရန် နိုင်ငံခြားရေးမူဝါဒမဂ္ဂဇင်းနှင့် အမေရိကန်တို့၏တိုးတက်မှုများ ဗဟိုဌာနတို့က ကွင်းဆင်းလေ့လာကာ စစ်တမ်းတစ်ရပ် ပြုစုခဲ့ခြင်းဖြစ်သည်။

ကန်နိုင်ငံခြားရေးမူဝါဒ ကျွမ်းကျင်သူ ၅၇ ရာခိုင်နှုန်းက သမ္မတဘုရှ်၏ အီရတ်သို့ တပ်များတိုးချဲ့စေလွှတ်ရေး အစီအစဉ်ကို မလိုလားဘဲဆန့်ကျင်ကြောင်းဖော်ပြကြသည်။ ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ်ပါတီဝင်များ ပါဝင်သော နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူ ၁၀၈ ဦးတို့၏ သဘောထားကို စုံစမ်းလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလေ့လာမှုကို မေ ၂၃ ရက်မှ ဇွန် ၂၆ ရက်အထိ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ သဘောထားမေးမြန်းရာ၌ နိုင်ငံခြားရေး ဝန်ကြီးဟောင်း၊ ထိပ်တန်း စစ်ဘက်အရာရှိကြီးများနှင့် အိမ်ဖြူတော်လုံခြုံရေး အကြံပေးတို့လည်း ပါဝင်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်ရဟတ်ယာဉ်ပျက်ကျ ကန်တပ်ဖွဲ့ဝင် ၁၄ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၂

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၂၂ရက်က အမေရိကန် စစ်ရဟတ်ယာဉ် တစ်စင်းပျက်ကျရာ တပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးသွားကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

လေးနှစ်ကြာသက်တမ်းရှိပြီဖြစ်သော အီရတ်စစ်ပွဲကာလအတွင်း ယခုအဖြစ်အပျက်သည် အမေရိကန်တပ်ဖွဲ့အတွက် အထိနာဆုံး အဖြစ်အပျက်တစ်ခုလည်း ဖြစ်သည်ဟုဆိုသည်။ ကနဦးလေ့လာစုံစမ်းမှုများအရ ဘလက်ဟော့ခ်ရဟတ်ယာဉ် ပျက်ကျရသည့်ကိစ္စမှာ စက်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း စစ်ဘက်က ဖော်ပြသည်။ အခင်းဖြစ်ပွားသော နေရာဝန်းကျင်တွင် ပစ်ခတ်မှု တစ်စုံတစ်ရာမတွေ့ရဟု ဆိုသည်။

ယူအိတ်ချ်-၆၀ ဘလက်ဟော့ခ်ရဟတ်ယာဉ်နှစ်စင်းသည် ညပိုင်းစစ်ဆင်ရေးအတွက် ပူးတွဲပျံသန်းနေစဉ် တစ်စင်းမှာ ယခုကဲ့သို့ ပျက်ကျရခြင်းဖြစ်သည်။ ထိုရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်အဖွဲ့သား လေးဦးနှင့် တပ်ဖွဲ့ဝင် ၁၀ဦး လိုက်ပါသွားသည်။

အမ်အင်အေ၊ရိုက်တာ

ဈေးနှုန်းချိုသာသော ကားများ ပူးတွဲထုတ်လုပ်ရေး အီရန်နှင့်တရုတ် နှစ်နိုင်ငံကုမ္ပဏီတို့ လက်မှတ်ရေးထိုး

တီဟီရန် ဩဂုတ် ၂၁

အီရန်နှင့် တရုတ်နိုင်ငံတို့ရှိ မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီများသည် ဈေးနှုန်းချိုသာသော ကားများ ပူးတွဲထုတ်လုပ်သွားရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း အီရန်ဒေးလီးအမည်ရှိ သတင်းစာက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

အရှေ့အလယ်ပိုင်းဒေသရှိ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သော အီရန်ခိုဒရိုကုမ္ပဏီနှင့် တရုတ်နိုင်ငံရှိ ချယ်ရီကားထုတ်လုပ်ရေးကုမ္ပဏီတို့သည် ဈေးနှုန်းချိုသာသော ကားများကို ပူးတွဲထုတ်လုပ်ကြမည်ဖြစ်သည်။

နှစ်နိုင်ငံ ကားကုမ္ပဏီများ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ လာမည့် ကိုးလတာအတွင်း ထုတ်လုပ်မှုစတင်နိုင်မည်ဖြစ်သည်။

ဖက်စပ်ကားထုတ်လုပ်ရေးစက်ရုံကို အီရန်နိုင်ငံမာရန်ဒါပြည်နယ်ဘာဘိုလ်မြို့တွင် တည်ဆောက်မည် ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၀၀ ဖြင့် ထူထောင်မည့် ကားစက်ရုံသည် တစ်နှစ်လျှင် ချယ်ရီအက်စ်-၂၁ အမျိုးအစားကားစီးရေ နှစ်သိန်းအထိ ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပိုင်ဆိုင်

ဖက်စပ်ကားစက်ရုံ၏ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်းကို အီရန်ခိုဒရိုကုမ္ပဏီက ပိုင်ဆိုင်ပြီး ၃၀ ရာခိုင်နှုန်းကို ချယ်ရီကုမ္ပဏီကလည်းကောင်း၊ ၂၁ ရာခိုင်နှုန်းကို မော်တော်ယာဉ်အစိတ်အပိုင်း ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများကလည်းကောင်း ပိုင်ဆိုင်သည်။

ဖက်စပ်ကားစက်ရုံမှ ထုတ်လုပ်သော ကားများသည် လောင်စာဆီသုံးစွဲရမှုကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဈေးနှုန်းချိုသာသော ယင်းကားများကို ပြည်သူတို့ နှစ်ခြိုက်ကြမည်ဟု မျှော်လင့်ရကြောင်း သတင်းစာက ရေးသားသည်။ ***အင်တာနက်။***

တောင်ကိုရီးယား၌ ရဟတ်ယာဉ် ပျက်ကျ

ဆိုးလ် ဩဂုတ် ၂၁

တောင်ကိုရီးယားနိုင်ငံ ဂွန်ဂျီဒေသတွင် ဩဂုတ် ၂၀ ရက်က ရဟတ်ယာဉ် တစ်စင်းသည် ပိုးသတ်ဆေးဖျန်းနေစဉ် ပျက်ကျသွားရာ ယာဉ်ပေါ်တွင် လိုက်ပါသွားသူ သုံးဦးစလုံး သေဆုံးသွားကြောင်း ယွန်ဟပ်သတင်းဌာနက ထုတ်ပြန်သည်။

တောင်ပိုင်းချန်ချောင်းပြည်နယ် ဂွန်ဂျီအရပ်ရှိ သစ်တောများပေါ်တွင် သစ်တောဌာနမှ ရဟတ်ယာဉ်ဖြင့် ဓာတုဗေဒပိုးသတ်ဆေးများ ပက်ဖျန်းနေစဉ် ယခုကဲ့သို့အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှလာသောသတင်းက ဖော်ပြသည်။ ရဲတပ်ဖွဲ့နှင့် သစ်တောဌာနမှ တာဝန်ရှိသူများသည် ရဟတ်ယာဉ် ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်ဟု ဒေသဆိုင်ရာ မီဒီယာသတင်းကဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများ ဆွစ်ဇာလန်ကျေးရွာ၌ ရှာဖွေတွေ့ရှိ

ဂျီနီဗာ ဩဂုတ် ၂၁

ဥရောပ၏အကြီးဆုံးသောဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကိုအပျော်တမ်းလေ့လာသူတစ်ဦးက ရှာဖွေတွေ့ရှိကြောင်း၊ ဒိုင်နိုဆောအရိုးစုအများအပြားတစုတဝေးတည်းရှိနေသည့် နေရာကို ဆွဇ်ဇာလန်နိုင်ငံ ဖရစ်ကျေးရွာတွင် ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ဩဂုတ် ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျာမနီနယ်စပ်ဒေသနှင့်မဝေးလှသော ဖရစ်ကျေးရွာတွင် နေအိမ်တည်ဆောက်ရန် မြေတူးဖော်ရာမှ ဒိုင်နိုဆောအရိုးစုအများအပြားကို တစုတဝေးတွေ့ရှိရခြင်းဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာသူတစ်ဦးသည် အဆောက်အအုံတည်ဆောက်ရာနေရာသို့ ရောက်ရှိနေခဲ့ပြီး ဒိုင်နိုဆောအရိုးစုများကို အမှတ်မထင်တွေ့ရှိရကြောင်း ဆွဇ်ဇာလန်နိုင်ငံရှိ ဒိုင်နိုဆောပြတိုက်မှ မော်နီကာရမ်ဘယ်လီက ပြောကြားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ဟယ်လ်မန်ဒေသတွင် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်အချို့ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အိန္ဒိယနှင့် အစ္စရေး တာလတ်ပစ်ဒုံးကျည် ဖက်စပ်ထုတ်လုပ်မည်

နယူးဒေလီ ဩဂုတ် ၂၁

အိန္ဒိယလေတပ်အတွက် တာလတ်ပစ်ဒုံးကျည်များ ပူးတွဲထုတ်လုပ်နိုင်ရေးအတွက် ဖက်စပ်လုပ်ငန်းတစ်ရပ်ကို အိန္ဒိယနှင့် အစ္စရေးပူးတွဲထူထောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တာလတ်ပစ်ဒုံးကျည်ထုတ်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ အိန္ဒိယကာကွယ်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးအဖွဲ့နှင့် အစ္စရေးလေကြောင်းအာကာသ စက်မှုလုပ်ငန်းတို့သည် ဒုံးကျည်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ဖက်စပ်လုပ်ငန်း ထူထောင်ရန် အိန္ဒိယအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ ***အင်တာနက်။***

ဘင်္ဂလားဒေ့ရှ်၌ ကားတစ်စီးမြောင်းထဲထိုးကျ

ဒါကာ ဩဂုတ် ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း ကစ်ရှ်ဟိုးဂန့်ဂျီ ခရိုင်၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ခရီးသည်အပြည့် ပါလာသည့် ဘတ်စ်ကားတစ်စီး လမ်းဘေးရှိ မြောင်းထဲသို့ ထိုးကျသွားရာ လူလေးဦးထက်မနည်း သေဆုံးခဲ့သည်။

အဆိုပါ ဘတ်စ်ကားသည် ဒါကာမြို့သို့ ဦးတည်မောင်းနှင်နေစဉ် ယာဉ်မောင်းက ကားလက်ကိုင်ကို မထိန်းနိုင်သဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် မြောင်းထဲသို့ ထိုးကျသွားကြောင်း ဒေသခံများ၏ ပြောကြားချက်ကို ကိုးကားလျက် ပုဂ္ဂလိကပိုင် ယူအင်ဘီသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ တိုကျိုမြို့ တိရစ္ဆာန်ဆေးရုံတွင် ခွေးငယ်တစ်ကောင်ကို အောက်စီဂျင်အခန်းတွင်း ထည့်၍ ကုသနေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံမြန်မာက အိမ်ရှင်မလေးရှားကို အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၇ခုနှစ် (၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ည ၉နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အိမ်ရှင် မလေးရှားနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် (က)အုပ်စုတွင် နှစ်ပွဲကစား၊ နှစ်ပွဲစလုံးအနိုင်ရရှိပြီး ခြောက်မှတ်ရရှိထား၍ အကြိုဗိုလ်လုပွဲသို့တက်ရန် အလားအလာကောင်းနေသည်။

လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၄၂မိနစ်တွင် အောင်မျိုးသန့်က စတင် တစ်ဂိုးသွင်းယူပြီး၊ ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ငါးမိနစ်တွင် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရန်ပိုင်က ဒုတိယဂိုးကို သွင်းယူပြီး၊ ၂၄မိနစ်တွင် မလေးရှားအသင်းက တစ်ဂိုးရရှိ၍ မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဩဂုတ် ၂၅ရက် ဒေသစံတော်ချိန် ည ၉နာရီတွင် လာအိုအသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဂ္ဂသမောဓာန ပရိဝါသ် ဆောက်တည်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီတိုင်း ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာတောစခန်း၌ အဂ္ဂသမောဓာန ပရိဝါသ် ဆောက်တည်ပွဲကို ၁၃၆၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်မှ နတ်တော်လဆန်း ၅ရက်အထိ ကျင်းပမည်ဖြစ်ပြီး နတ်တော်လဆန်း ၆ရက်မှ ၁၁ရက်အထိ မာနတ်ဆောက်တည်ပွဲနှင့် နတ်တော်လဆန်း ၁၁ရက် နံနက်ပိုင်းတွင် အဗ္ဘာန်သွင်းပွဲတို့ကို ကျင်းပမည်ဖြစ်ရာ အဂ္ဂသမောဓာန ပရိဝါသ် ဆောက်တည်လိုကြသော ဆရာတော်သံဃာတော်တို့သည် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ နောက်ဆုံးထား၍ ပုသိမ်မြို့ နံ့သာကုန်း မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်နှင့်ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဓမ္မရိပ်သာတောစခန်း ဖုန်း-၀၉၅၂၀၁၃၇၊ ၀၄၂-၂၄၄၈၆ နှင့် ၀၄၂-၄၂၃၅၆ တို့သို့ ဆက်သွယ်စာရင်း ပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာနှင့်စင်ကာပူ သုံးဂိုးစီသရေကျ

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၇ခုနှစ် ဩဂုတ် ၁၉ရက်မှ စက်တင်ဘာ ၂ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပနေသည့် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ် ဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့အုပ်စုပွဲစဉ်တွင် စင်ကာပူနိုင်ငံ လူငယ်အသင်းနှင့် ယှဉ်ပြိုင်ရာ ပထမပိုင်း ၁၈ မိနစ်တွင် စင်ကာပူနိုင်ငံ လူငယ်အသင်းက ပထမဂိုးစတင်သွင်းယူခဲ့ပြီး ပထမပိုင်း ၄၂မိနစ်တွင် မြန်မာလူငယ်ဘောလုံးအသင်းမှ ကောင်းထက်အောင်က ချေပဂိုးတစ်ဂိုး သွင်းယူကာ မြန်မာလူငယ်အသင်းမှ သက်နိုင်က ဒုတိယပိုင်း နှစ်မိနစ်တွင် ဒုတိယဂိုးကို လည်းကောင်း မြန်မာလူငယ်အသင်းမှ ကြည်လင်းက ဒုတိယပိုင်း ၁၄မိနစ်တွင် တတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့ကြသည်။ စင်ကာပူနိုင်ငံ လူငယ်အသင်းက ဒုတိယပိုင်း ၂၁မိနစ်တွင် ဒုတိယဂိုးကိုလည်းကောင်း၊ ဒုတိယပိုင်း ၂၉မိနစ်တွင် တတိယဂိုးကိုလည်းကောင်း သွင်းယူပြီး မြန်မာလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့သည် သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

မြန်မာလူငယ်ဘောလုံးအသင်းသည် ဩဂုတ် ၂၄ရက်တွင် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဗီယက်နမ်နိုင်ငံ လူငယ်ဘောလုံးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ် မှန်စက်ရုံ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပုသိမ်မှန်စက်ရုံမှ ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဩဂုတ် ၁၀ရက်တွင် ပုသိမ်မှန်စက်ရုံ၌ ကျင်းပရာ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပထမတန်းမှ အဋ္ဌမတန်းအထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သား၊ သမီး ကျောင်းသား၊ ကျောင်းသူ ၁၂ဦးတို့အား ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)**

ယင်းနောက် ဆုရ ဝန်ထမ်း သား၊ သမီးများ၊ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မကျော့ကေဇင်လှိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၂၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများနှင့် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပူဇော်ခံသက်ကြီး ဘိုးဘွားများအား အပြန်တွင် ကားများဖြင့် ပြန်လည် ပို့ဆောင်ပေးမည်ဖြစ်သည်။ (က-ပ)

ဩဂုတ် ၁၅ရက်က စမ်းချောင်းမြို့နယ် အထက(၄) တော်ဝင်ခန်းမ၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကိုကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားကျန်းမာရေးဆိုင်ရာ ဆရာမ ဒေါ်စန်းရီ အသိပညာပေးဟောပြောစဉ်။ (ပညာရေး)

ဂျပန်တွင် လက်သီးစွမ်းပြခဲ့သည့် မြန်မာ့လက်ဝှေ့ကျော်များ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်(ပြည်ပဆက်ဆံရေး)ဦးဝင်းဇင်ဦး ခေါင်းဆောင်၍ နည်းပြတစ်ဦးနှင့် ရိုးရာလက်ဝှေ့သမား ငါးဦးပါဝင်သော မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့သည် ဩဂုတ် ၁၉ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ အမေရိကန်၊ ဂျပန် လက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဩဂုတ် ၂၁ရက်ညပိုင်း၌ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်(ပြန်ကြားရေး) ဦးစိုင်းဖော်ဖော်၊ ရုံးအဖွဲ့မှူး ဦးချစ်ကိုကိုနှင့် မိသားစုများက ကြိုဆိုကြသည်။

ဦးဝင်းဇင်ဦးနှင့် နည်းပြဆရာ မိုးပုလဲ၊ လက်ဝှေ့သမား လုံးချော၊ စောဒွဲလေး၊ စတား၊ တာတိုးဝါး၊ အောင်ဇေယျတို့ပါဝင်သော မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်သည် ဂျပန်နိုင်ငံ တိုကျိုမြို့ DIFFA ARIAKE ပြိုင်ပွဲရုံ၌ မြန်မာ့ရိုးရာလက်ဝှေ့ စည်းမျဉ်းနှင့် ရိုးရာလက်ဝှေ့ ခလေ့အတိုင်း ဗိုန်းဖောင်းဆိုင်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

၇၅ကီလိုတန်းတွင် လုံးချောက ပြိုင်ဘက်ဖြစ်သူ အမေရိကန်လက်ဝှေ့သမား Nick Fiodo အား အနိုင်ယူ ပွဲသိမ်းလိုက်စဉ်။

ပြိုင်ပွဲတွင် ၇၅ကီလိုတန်း၌ လုံးချောက ပြိုင်ဘက်ဖြစ်သူ အမေရိကန် လက်ဝှေ့သမား Nick Fiodo အား ဒုတိယအချီတွင် ညာဖြောင့်လက်သီးဖြင့် အလဲထိုး အနိုင်ယူလိုက်သည်။ Nick Fiodo သည် ဂျပန် မာရှယ်အတ်ပြိုင်ပွဲများတွင် နာမည်ကြီးတစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက် မွေထိုင်းပြိုင်ပွဲများတွင် ရွှေခါးပတ်ရသည်အထိ အောင်မြင်မှုရရှိခဲ့သူတစ်ဦး ဖြစ်သည်။

၆၄ ကီလိုတန်းတွင် တာတိုးဝါးက ဂျပန်လက်ဝှေ့သမား Sato အား တတိယအချီ၌ ဘယ်ခြေကန်ချက်များဖြင့် ပွဲသိမ်းအနိုင်ယူလိုက်ပြီး အခြား ၆၄ကီလိုတန်း၌ အောင်ဇေယျက Takeuchi အား သုံးချီလုံး အသာစီးဖြင့်ထိုးသတ်ကာ အမှတ်(၅-၀)ဖြင့်အနိုင်ရရှိခဲ့သည်။ ၆၃ကီလိုတန်းတွင် စောဒွဲလေးက ဂျပန်လက်ဝှေ့သမား Murai အား ဘယ်ညာလက်သီးတွဲများဖြင့် တတိယအချီ၌ ပွဲသိမ်း အနိုင်ယူခဲ့သည်။ ၇၁ ကီလိုတန်းတွင် စတား၏ ညာလက်သီး အားအလွန်၌ ဂျပန် ဂျူဂျစ်ဆုသမား Samu Kawa က လည်ပင်းကို နောက်မှအပိုင်ချုပ်ထားနိုင်သည့်အတွက် စတား အရှုံးပေးလိုက်ရသည်။

ပြိုင်ပွဲသို့ ဂျပန်နိုင်ငံရှိ မြန်မာ ပရိသတ်များ လှိုက်လှဲစွာလာရောက် အားပေးကြည့်ရှုခဲ့ကြပြီး ဂျပန်ရောက် မြန်မာဂီတဝါသနာရှင်များက ခြောက်လုံးပတ်ဝိုင်းဖြင့် ဗိုန်းဖောင်းသံများ တီးမှုတ်ကူညီခဲ့ကြရာ ဂျပန်ပရိသတ်များ အထူး နှစ်ခြိုက်ခဲ့ကြကြောင်း သိရသည်။



၆၃ ကီလိုတန်းတွင် စောဒွဲလေးက ဂျပန်လက်ဝှေ့သမား Murai အား ဘယ်ညာ လက်သီးတွဲများဖြင့် အနိုင်ယူလိုက်စဉ်။

တာတိုးဝါး၊စတားနှင့်အောင်ဇေယျတို့သည် ဂျပန်နိုင်ငံသို့ ယခုအကြိမ်မှ စတင် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သော်လည်း လုံးချောနှင့် စောဒွဲလေးတို့က ပထမအကြိမ်တွင် နာဂါစကီမြို့၌ ယှဉ်ပြိုင်ခဲ့ကြရာ လုံးချောက ကျူရှူးကျွန်း ကရာတေးချန်ပီယံ အီမာမူရာအား ပထမအချီဖြင့် အလဲထိုးခဲ့ပြီး စောဒွဲလေးက ဂျပန်လက်ဝှေ့သမား ဝါကာဆူကီနှင့် သရေကျခဲ့သည်။ ဒုတိယအကြိမ် တိုကျိုမြို့၌ ယှဉ်ပြိုင်ခဲ့ကြရာတွင် လုံးချောက ဂျပန်ကစ်ဘောက်ဆင်သမား ယာမာအူချိအား တတိယအချီ၌ အလဲထိုးခဲ့ပြီး စောဒွဲလေးက ဆာတိုအား ပထမအချီ၌ အလဲထိုးခဲ့သည်။

ယခုပြန်လည်ရောက်ရှိလာကြသော လက်ဝှေ့သမားများသည် ဩဂုတ်လ ၂၅ရက်နေ့တွင် စတင်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ (၂၀၀၇) ၌လည်း ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ လုံးချောနှင့် စောဒွဲလေးတို့က K.L.N ရိုးရာလက်ဝှေ့အဖွဲ့၊စတား၊ တာတိုးဝါးနှင့် အောင်ဇေယျတို့က ဘီလပ်မြေစက်ရုံရိုးရာလက်ဝှေ့အဖွဲ့ ကိုယ်စားပြု ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

K.L.N ရိုးရာလက်ဝှေ့အဖွဲ့သည် ဂျပန်ပြန် လုံးချော၊ စောဒွဲလေးတို့ အပြင် တွေ့မရှောင်၊ ရွှေဖလား၊ စောဂပရေမှူးနှင့် ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ နာမည်ကျော် အယ်ထီးကော်ပါ ပြိုင်ပွဲဝင်လာမည်ဖြစ်သောကြောင့် စောင့်ကြည့်ရမည့်အဖွဲ့ဖြစ်သည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိုင်းမှတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၂၅	၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေးအတီးပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅:၄၀	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၅	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀	၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၁၄)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ ကုန်သွယ်သုတ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **England Home Game Matches (2007-2008) ဘောလုံးပွဲ -England Vs Germany(SDD)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိုင်းမှတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အကောင်းဆုံးကို ရွေးချယ်လိုက်ပြီ. . .

digital

အထူးအစီအစဉ်

Prime-Boss မှရောင်းချသော Digital မိတ္တူကူးစက်များတွင်

A3 အရွယ်ထိ Print ထုတ်နိုင်သော Printer ပါရှိပြီး

A3 အရွယ်ထိ Color Scan ဖတ်နိုင်သော Scanner ပါရှိပြီး

အမြန်ဆုံး ဆက်သွယ်ပါ။

စက်များကို အခြားအခြားထက် သက်သာသော ဈေးနှုန်းများနှင့်အတူ

- 5% to 10% Discount
- မင်သူး (၂) သူး (ရှက်ရေ ၃၅, ၀၀၀ ခန့်)
- စက်တပ်ဆင်ခ စရိတ်ငြိမ်း (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)

(စက်အလုံးရေ ကန့်သတ်ထားပါသည်။)

(Authorized Sole Distributor)

PRIME - BOSS Company Limited

- 127/131, Sule Pagoda Rd, Ktd Tsp., Yangon. Tel: 95-1- 253509, 253943, 246946, 252013, Fax:95-1-256158

- No.(45/b), 78th St., between 34th St & 35th St., Chan Aye Thar Zan, Mandalay.

E-mail:sales@primeboss.com.mm,Website:www.primeboss.com.mm

ဂုဏ်ရည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မှ

ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက် လေးဖက်နာဆေး၊ အဆီပိုခြင်း၊ အဝလွန်ခြင်းများအတွက် အဆီချေဖျက်ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ် ရောဂါသောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၇၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀ ၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၁/၂၀၀၅၊ တဆထလ/တိုး(၀၂၉၉)

အချိန် ➢ နံနက် ၁၀း၀၀ နာရီ မှ ညနေ ၃း၀၀ နာရီ

နေ့ရက် ➢ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ

ပင်ရင်း ➢ ၈၂/၂ ၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ တနင်္ဂနွေနေ့ပိတ်သည်။ ☎ ၀၁-၆၄၁၅၀၁

(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)

နိုင်ငံရပ်ခြားတွင် ပညာသင်ယူလိုသူများနှင့် လုပ်ငန်းခွင်အသီးသီးတွင် အဆင့်မြင့်တာဝန်ထမ်းဆောင်လိုသူများအတွက် –

B.IT.E Diploma သင်တန်းအမှတ်စဉ် (၃) ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

* ခေတ်နှင့်အညီ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတွင် နောက်ကျမကျန်ရစ်စေရန် တက်ရောက်သင့်သည့် **B.IT.E Diploma (Business, Information Technology and English)** သင်တန်း အမှတ်စဉ် (၃)ကို (၂၁-၀၉-၀၇)နေ့တွင် စတင်ဖွင့်လှစ်မည်။
* လိုအပ်သောပညာအရည်အချင်း– တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးသူများ
* သင်တန်းကာလ – (၁) နှစ် (**Work Placement** အပါအဝင်)
* ဝင်ခွင့်လျှောက်ထားရမည့်နေရာ– N.L.E.C - အမှတ် ၈၂ (တတိယထပ်)၊ အနော်ရထာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၂၅၀၂၂၅၊ ၀၉-၅၁၁၆၄၂၄၊ ၀၉-၅၁၂၇၃၀၀ ဖက်စ်– ၂၅၀၁၅၀

Mo Asia Co., Ltd– DUMEX

ရုံးခန်းပြောင်းရွှေ့ခြင်း

Mo Asia Co., Ltd – DUMEX ကို ၂၇.၈.၀၇နေ့ မှစ၍ အမှတ် ၃၃/H၊ ရတနာလမ်း၊ ၇ရပ်ကွက်၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ် (Suzuki Showroom ဘေးကပ်လျက်လမ်း) သို့ ပြောင်းရွှေ့မည်ဖြစ်ပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ ၆၅၁၃၂၇၊ ၆၅၁၃၈၇၊ ၆၅၁၈၄၂၊ ၆၆၀၅၄၄ တို့ဖြစ်ပါသည်။

ဝါခေါင်လပြည့် အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၂၂

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဝါခေါင်လပြည့်(ဩဂုတ်၂၈ရက်) ညနေ ၆နာရီတွင် မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင် ရိပ်သာစာသင်တိုက် ဦးစီးပဓာန နာယက မဟာစည် အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက(ဓမ္မဂုဏ်ရောင်ဆရာတော်) အရှင်တေဇိန္ဒ [M.Aဗာရာဏသီ၊ BHU, Dip in B.Dh, Dip in English (SIBA)၊ သာသနဓဇ ဓမ္မာစရိယ၊ သာသနပါလ ဓမ္မာစရိယ]က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။(က–ပ)

လက်ခံယူ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅) (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တွင် ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်သော ဝိပဿနာတရားစခန်းပွဲများကို တစ်လလျှင် သုံးကြိမ် ဇွန် ၁ရက်မှ ဩဂုတ် ၃၁ရက်အထိ ကိုးကြိမ်ဆက်တိုက် ကျင်းပလျက်ရှိရာ အဓိဋ္ဌာန်တရားစခန်းဝင်ယောဂီများ၏ ဆွမ်းစရိတ်အတွက် ဗုဒ္ဓသာသနာဝင်ယောဂီများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၀သိန်းကို သန့်–တည်–ပွားအဖွဲ့သို့လှူဒါန်းရာ သန့်–တည်–ပွား ယောဂီ ဦးတင့်ဝေ လက်ခံယူစဉ်။ (က–ပ)

အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက် ရန်ကုန် အနောက်ပိုင်းခရိုင်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၁၉ရက်က စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ၂၀၀၇–၂၀၀၈မှ ၂၀၁၀–၂၀၁၁ ဘဏ္ဍာရေးနှစ်ထိ ရွေးချယ်ခံရသည့် ဒါရိုက်တာ အဖွဲ့ဝင်များနှင့် စာရင်းစစ်အဖွဲ့ဝင်များ ကတိသစ္စာ ခံယူကြစဉ်။ (ဂျီအီးစီ)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့သဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦး နုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်နှင့် ဦးတင်အောင်တို့သည် ဩဂုတ် ၁၃ရက်တွင် လည်းကောင်း၊ ဦးကျော်အောင်သည် ဩဂုတ် ၁၄ရက်တွင် လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ စဉ်ဆက်မပြတ် ပြုလုပ်ရေး ထာဝရ ငွေပဒေသာပင်အတွက် (ဆ)ရပ်ကွက် ကရဝိက် (၂)လမ်းနေ ကျောင်းသားဟောင်း ကိုဟန်ဝင်းအောင်က အလှူငွေကျပ်တစ်သိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ချောင်းလေ
ဝေးဝေး
မူးယစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ အောင်မြင်ဖြစ်ထွန်းနေသော မြေစည်းရိုးကြက်ဆူစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၀ ရက် နံနက် ၉နာရီတွင် တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပြည်သူများနှင့် ဒေသခံတောင်သူများကို တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာဝန်ထမ်းများက နိုင်ငံတော်၏ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ဒေသခံတိုင်းရင်းသား ပြည်သူများ သဘောပေါက်နားလည်အောင် ရောက်ရာဒေသ၌ ရှင်းလင်းပြသ၍ စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိဌာနတာဝန် ကျေပွန်ရုံမက ဘက်စုံတတ်ကျွမ်း နားလည်အောင် လေ့လာပြီး နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ရှေးရှု၍ ဒေသဖွံ့ဖြိုးရေးတာဝန်များကို တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းထမ်းဆောင်ကြစေလိုကြောင်း၊ တန့်ယန်းမြို့နယ်တွင် လမ်းဘေးဝဲ၊ ယာတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော ဆီထွက်သီးနှံ မြေပဲစိုက်ခင်းများကိုတွေ့ရသဖြင့် များစွာဝမ်းမြောက်မိကြောင်း၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော သန့်ရှင်းလှပသည့် တန့်ယန်းမြို့အား အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ပတ္တမြားဥယျာဉ် ကုမ္ပဏီပိုင် ကြက်ဆူဆီကြိတ် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်း ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည်၇၀၇ဦးနှင့် ပြည်ပရတနာကုန်သည် ၂၄၆ ဦးတို့ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းများကို ဩဂုတ် ၂၃ ရက်အထိ ပြသမည်ဖြစ်ပြီး ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက် ၉ နာရီ၌ ပြုလုပ်၍ ဩဂုတ် ၂၅ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၈-၂၀၀၇)

နေပြည်တော်

၀ ဒသမ ၅၅ လက်မ

ပူတာအို

၃ ဒသမ ၅၀ လက်မ

မြိတ်

၃ ဒသမ ၃၉ လက်မ

မော်လမြိုင်

၂ ဒသမ ၉၅ လက်မ

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇)တွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၂

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်လိုက်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။

ယနေ့ မိုးလေဝသ

၂၃-၈-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။